ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
ကြေညာချက်အမှတ် (၄ /၂၀၂၀)

၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း (၆ ) ရက်
၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ( ၂၂ ) ရက်

# အခွန်ထမ်းပြည်သူများသို့ အသိပေးကြေညာချက်

၁။ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေများအတွက် ၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေအရ သက်ညှာ လျှော့ပေါ့ပေးထားသော အခွန်နှုန်းများကို ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့အထိသာ ခံစားခွင့်ရှိပါသဖြင့် ယင်းနေ့အမီ လျှော့ပေါ့နှုန်းထားများကို ခံစားနိုင်ရန်အတွက် အခွန်ထမ်းပြည်သူများသည် စည်းကြပ်တောင်းခံထားသော ငွေသွင်းချလန်ကို ရယူပြီးနောက် ယင်းချလန်ပေါ်တွင် "၃၀-၉-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ ဘဏ်သို့ ပေးသွင်းရမည်" ဟူသော ဖော်ပြထားချက်အရ ယခုကဲ့သို့ COVID-19 ကာလအတွင်း မြန်မာ့စီးပွားရေးဘဏ်တွင်စုပြုံ၍ ငွေပေးသွင်းလျက်ရှိကြောင်း သိရှိရပါသည်။

၂။ ငွေသွင်းချလန်ပေါ်တွင် "၃၀-၉-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ ဘဏ်သို့ ပေးသွင်းရမည်" ဟုဖော်ပြထားစေကာမူ ယင်းသို့ အခွန်ငွေပေးသွင်းခြင်းကို ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၃၀) ရက်နေ့အထိ နောက်ဆုံးထား၍ ပေးသွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန